ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၇၉)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ၂၇-၁-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဒေါက်တာငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ကုသနေပါသည်။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ မြေပြန်စစ် အစည်းအဝေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ Labour Law Reform အစည်းအဝေးတက်ရောက်ရန်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးတင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ငွေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပညာရေးဌာနတွင် အစည်းအဝေးတက်ရောက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးတင်ထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးဇဝန၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးကျော်မိုးသွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးဇာနည်ထက်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်းနှင့် ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ(၂၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦး ဖြစ်၍ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းတို့အပြင် မိမိတို့ရဲ့ သက်ဆိုင်ရာ ကော်မတီလုပ်ငန်း တာဝန်များကိုလည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို အပြန်အလှန်ထိန်းကျောင်းနိုင်ရေး ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်နဲ့ ပြည်သူများ အကျိုးစီးပွားအတွက် မိမိတို့ရဲ့ လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကံသာယာကျေးရွာအုပ်စု၊ ကံသာယာ(တောင်စု) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကံသာယာကျေးရွာအုပ်စု၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကံသာယာ(တောင်စု)ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကံသာယာကျေးရွာဟာ လက်ပံတန်းမြို့နှင့်မင်းလှမြို့ရဲ့ နယ်စပ်မှာရှိပြီးတော့ နှစ်မြို့စလုံးနဲ့ (၉)မိုင်ခန့်အကွာမှာရှိပါတယ်။ ဒီကျောင်းကို ၁၉၆၁ ခုနှစ်ကစတင်ပြီးတော့ ကံသာယာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာ ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းကနေပြီးတော့ မူလတန်းအထိဖြစ်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်မှာတော့ မူလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းခံခဲ့ရပါတယ်။ ဘုန်းတော်ကြီးရဲ့ ကူညီပံ့ပိုးမှု၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘပြည်သူများရဲ့ ကူညီဆောင်ရွက်မှုတွေကြောင့် ဒီကျောင်းကို ၂၀၁၂ – ၂၀၁၃ ခုနှစ်မှာတော့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ခြင်းခံခဲ့ရပါတယ်။ လက်ရှိ ဒီကျောင်းမှာဆိုလို့ရှိရင် ဆရာ၊ ဆရာမပေါင်း (၁၃)ယောက်၊ ကျောင်းသား၊ ကျောင်းသူပေါင်း အခြေခံပညာမူလတန်းအဆင့်မှာ (၁၂၉)ယောက်၊ အလယ်တန်း အဆင့်မှာ (၁၄၁) ယောက် စုစုပေါင်း(၂၇၀) ရှိပါတယ်။ ဒီကျောင်းမှာ ကျောင်းအဆောက်အအုံ၊ ပရိဘောဂများ အလုံအလောက်ရှိတဲ့အပြင် ဝန်ထမ်းအိမ်ရာတွေ၊ စာကြည့်တိုက်နှင့် Computer များပါရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီကျောင်းမှာရှိတဲ့ ကျောင်းသားတွေက ဒီကျောင်းရဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျောင်းသားတွေက လက်ပံတန်းတို့၊ မင်းလှတို့ကိုသွားပြီးတော့ ဆက်လက်ကျောင်းပညာ သင်ကြားရမယ်ဆိုလို့ရှိရင် အခက်အခဲတွေရှိသလို မိဘပြည်သူတွေအနေနဲ့လည်း အခက်အခဲများရှိပါတယ်။ ကျောင်းကို ဘုန်းတော်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းသားမိဘများကနေပြီးတော့ စိတ်ပါဝင်စားစွာ ကူညီဆောင်ရွက်ပေးနေတဲ့အတွက်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ မင်းလှ

မြို့နယ်၊ ကံသာယာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်း ကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ထန်တလန်မြို့ အမှတ်(၁)အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရှိသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လုပ်ဖော်ကိုင်ဖက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ၂၀၂၀ ပြည့်နှစ်တွင် နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထန်တလန်မြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းဟာ လူနေထူထပ်သော ရပ်ကွက်တွင်တည်ရှိပြီး ပင်မကျောင်းသို့ တက်ရောက်ရန် အခက်အခဲရှိသည့်အတွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ရှိသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့ အမှတ်(၁) ရပ်ကွက်တွင် လူနေအိမ်ခြေ (၈၅၅)အိမ်၊ လူဦးရေ (၄၁၃၇)ဦး ရှိတဲ့ရပ်ကွက်ဖြစ်ပါတယ်။ အမှတ်(၁) အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် သူငယ်တန်းမှ သတ္တမတန်းအထိ (၃၉၃)ဦးရှိရာ ၎င်းအနက် ပဥ္စမတန်းမှ သတ္တမတန်းအထိ(၁၂၇)ဦးရှိပါတယ်။ လာမည့်စာသင်နှစ်တွင် ကျောင်းသူ၊ ကျောင်းသားများ သတ္တမတန်းအောင်မြင်ပါက (၁)မိုင်ကျော်ဝေးကွာတဲ့ ကျောင်းကိုတက်ရန် အခက်အခဲရှိပါတယ်။ ဤကျောင်းဟာ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၁ ရက်နေ့တွင် အခြေခံပညာမူလတန်းကျောင်း၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် အခြေခံပညာမူလတန်း(လွန်)ကျောင်းအဆင့်သို့ တိုးမြှင့်ခဲ့ရာ သက်တမ်းအားဖြင့် (၃)နှစ် (၆)လ ကြာမြင့်နေပြီဖြစ်ပါတယ်။ ဤကျောင်းဟာ နှစ်စဉ် အောင်ချက်ကောင်းခြင်း၊ ကျောင်းစည်းကမ်းကောင်းခြင်း၊ သန့်ရှင်းမှုကောင်းခြင်းတို့ကြောင့် ချင်းပြည်နယ်

တစ်ခုလုံးတွင် စံပြကျောင်းအဖြစ်လည်းကောင်း၊ ထန်တလန်မြို့နယ်တွင် အကြိမ်ကြိမ် စံပြကျောင်း အဖြစ် ရွေးချယ်သတ်မှတ်ခြင်းခံရတဲ့ကျောင်းဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ (၁၄၀ x ၃၀) ပေ RCC နှစ်ထပ်ဖြင့် ဆောက်လုပ်ရန် ကျပ်သန်းပေါင်း (၃၉၂.၂၈၀)သန်းခွင့်ပြုပြီး ၁-၂-၂၀၂၀ ရက်နေ့မှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် စာသင်ခန်းများ၊ စာကြည့်တိုက်များ လုံလောက်စွာ ရရှိတော့မည်ဖြစ်ပါတယ်။ ဒ့ါကြောင့် မြေပြင်ပကတိလိုအပ်ချက်အရ အမှတ်(၂)ရပ်ကွက်တွင် လူနေအိမ်ခြေနှင့် လူဦးရေထူထပ်ခြင်း၊ ပင်မ အ.ထ.က(၁)နှင့် အ.ထ.က(၂) သို့ တက်ရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ကျောင်းသူ၊ ကျောင်းသားများ တစ်နေ့တခြား များပြားလာသည့်အတွက် ထန်တလန်မြို့ အမှတ်(၁)မူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အလေးအနက် စဉ်းစားပေးရန် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မောင်တောမြို့နယ်၊ အောင်သာယာ(န.တ.လ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အား အခြေခံပညာ မူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်နှင့် မောရဝတီ အခြေခံပညာ အလယ်တန်းကျောင်းတွင် (၉၀ x ၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၄။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ မောင်တောမြို့နယ်၊ ကျီးကန်းပြင်ကျေးရွာအုပ်စု၊ အောင်သာယာ (န.တ.လ)ကျေးရွာ အခြေခံပညာစာသင်ကျောင်းမှာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ၁၉၉၉ ခုနှစ်မှစ၍ ပညာသင်ကြားခဲ့သည့် ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းသူ၊ ကျောင်းသားများ စုစုပေါင်း (၅၆)ဦးနှင့် ဆရာ၊ ဆရာမ (၆)ဦးဖြင့် ပညာသင်ကြားလျက် ရှိပါတယ်။ မောင်တောမြို့နယ်၊ အောင်သာယာ(န.တ.လ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (ခွဲ)၏ ကျောင်းသူ၊ ကျောင်းသား (၅၆)ဦးနှင့် ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာကျောင်းများ

အဆင့်တိုးမြှင့်ရေးဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီသဖြင့် လာမည့်ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်သည့် မောင်တောမြို့နယ်၊ မောရဝတီ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ရရှိပြီးဖြစ်သည့်အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လိုအပ်နေပါတယ်။ တိုးပွားလာသည့် လူဦးရေနှင့်အတူ ကျောင်းသူ၊ ကျောင်းသားများလည်း များပြားလာပါတယ်။ ကျောင်းဆောင်သို့ အနီးအနားမှာရှိသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ စာသင်သူ၊ စာသင်သား၊ ကျောင်းသူ၊ ကျောင်းသားများလည်း ပညာသင်ကြားသည့်အပြင် ပတ်ဝန်းကျင်အရန်ကျောင်း ဖြစ်သည့် ဥခေါင်ကျေးရွာရှိ စာသင်ကျောင်း၊ ကိုင်းကြီးကျေးရွာရှိကျောင်းများမှ ကျောင်းသူ၊ ကျောင်းသားများ လာရောက်ပညာသင်ကြားသည့်အတွက် လက်ရှိကျောင်းဆောင် လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါတယ်။ ယခုကျောင်းဆောင်မှာ မိုးရာသီ၌ ခေါင်မိုးပေါ်မှ မိုးယိုခြင်းကြောင့် စာသင်ခန်း မလုံလောက်သည့်အပြင် အလယ်တန်းကျောင်းဆောင် မရှိသည့်အတွက် မဖြစ်မနေ (၉၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွင်း ကျောက်တော်မြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် (ပြင်ပ) ရောက်ရှိနေသည့် ကျောင်းသား/ကျောင်းသူများအား ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ရရှိရေး ဆောင်ရွက်ပေးရန်နှင့် ပြင်ပမှ ဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများအတွက်အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်နိုင်ရေးမည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျန်းမာစွာနဲ့ ပြန်လည်ဆုံတွေ့ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သာလီစွပါလို့လည်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။

ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွင်းမှာ ကျောက်တော်မြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပြင်ပရောက်ရှိနေကြတဲ့ ကျောင်းသား၊

ကျောင်းသူများအား ၂၀၂၀ ပြည့်နှစ် ကျင်းပတဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြင်ပမှ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ကို ပေးအပ်နိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ကို သိရှိလိုခြင်းနှင့် ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ (၄၂၀၇)ဦးရှိပါတယ်။ ကျောင်းအတွင်းမှဖြေဆိုသူ (၁၉၇၃)ဦး၊ ကျောင်းပြင်ပမှ ဖြေဆိုသူ (၂၂၃၄)ဦးဖြေဆိုခဲ့ပြီး အောင်မြင်သူ(၈၇၇)ဦး၊ (၂၀.၈၅)ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။ ကျောက်တော်မြို့နယ်အတွင်းမှာ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပကို ရောက်ရှိနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများ များစွာရှိနေကြောင်း သိရပါတယ်။ အဲဒီအထဲမှ ကျောင်းသားဦးရေ(၆၀၀)ကျော်လောက်ဟာ ၂၀၂၀ ပြည့်နှစ်မှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်ရန်အတွက် ဖြေဆိုခွင့်လျှောက်လွှာကို တင်ဆောင်ခွင့်မရရှိခဲ့ကြောင်း သိရပါတယ်။ ဖြေဆိုခွင့်လျှောက်လွှာတင်ရမယ့် ၅-၁၀-၂၀၁၉ ရက်နေ့ကိုလည်း ကျော်လွန်ခဲ့ပြီးဖြစ်တဲ့အတွက် လျှောက်လွှာတင်ခွင့်မရရှိတဲ့ ကျောင်းသား၊ ကျောင်းသူများ ဆက်လက်ပညာသင်ကြားနိုင်ရေး စိတ်ပျက်အားငယ်မှုများ၊ စိတ်ဝင်စားမှုအားနည်းမှုများ ရှိလာကြတဲ့အတွက် လူငယ်များရှေ့ဆက်ရမည့် အနာဂတ်ဟာလည်း စိုးရိမ်စရာဖြစ်လာတဲ့အတွက် ကျောင်းသားမိဘများ၊ ဆရာများဝိုင်းဝန်းပြီး အဆင်ပြေမှုရှိအောင် ဆောင်ရွက်ခဲ့သော်လည်း အဆင်မပြေခဲ့ကြောင်း သိရပါတယ်။

အဲဒီတုန်းက ကျွန်တော်တို့ လွှတ်တော်ကလည်း (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနားနေတဲ့အချိန်နဲ့ကြုံပြီး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကိုအကူအညီတောင်းခံလာတဲ့အတွက် အခုလို မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီ ကျောင်းသားတွေအထဲမှာလည်း ၂၀၁၉ ခုနှစ်အတွင်းမှာ နဝမတန်း အောင်မြင်ပြီး ကျောင်းသားများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားများ၊ Day Special ကျောင်းသားများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘော်ဒါဆောင်များသို့ ရောက်ရှိနေကြတဲ့ ကျောင်းသားများပါဝင်ကြကြောင်း သိရပါတယ်။ အဲဒီ ကျောင်းသားတွေ စာမေးပွဲဖြေဆိုခွင့်ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်သွင်းခွင့်ဆိုင်ရာ သတ်မှတ်ချက်များကို အနည်းငယ်ဖြေလျှော့ပေးပြီး ကျောင်းသား၊ ကျောင်းသူများ၏ နောင်ရေးကိုစာနာပြီး ၂၀၂၀ ပြည့်နှစ် စာမေးပွဲကို ဖြေဆိုခွင့်ရရှိရေးအတွက် ရည်ရွယ်ပြီး မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ တင်ဆောင်ခွင့်ကို ရရှိခွင့်ပြုပြီးဖြစ်တယ်လို့လည်းသိရပါတယ်။ ခွင့်ပြုပေးခဲ့တဲ့ ပညာရေးဝန်ကြီးဌာနကိုလည်း ကျောင်းသားမိဘများကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အတွင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို အခြေခံပညာအထက်တန်းအဆင့်ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်မယ်လို့လည်း သိရပါတယ်။ ယခုပညာသင်နှစ်မှစတင်ပြီး စီစဉ်နေကြောင်းလည်း ဝန်ကြီးဌာနမှ စံသတ်မှတ်ချက် (၇)ချက်နှင့်အညီအကဲဖြတ်အဖွဲ့ စိစစ်မှတ်တမ်းတင်ပြီး အရည်အသွေးအာမခံသော စိစစ်ရေးအဖွဲ့က စိစစ်ပြီးဆောင်ရွက်ပေးမယ်လို့လည်း သိရပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် အခုလို အကြောင်းအမျိုးမျိုးကြောင့် ပြင်ပကိုရောက်ရှိနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများ၊ ပြင်ပမှ ဖြေဆိုကြမည့် ကျောင်းသား၊ကျောင်းသူများအတွက်လည်း ဝန်ကြီးဌာနမှ ထုတ်ပြန်ထားတဲ့ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး မည်ကဲ့သို့အစီအမံများဖြင့် ဖြေဆိုပြီးဆုံးကြောင်းလက်မှတ်ကို၊ ဘယ်လိုသတ်မှတ်ချက်များနှင့် ပေးအပ်မယ်ဆိုတာကို သိရှိလိုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်အောက်ပါ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အတွင်း ကျောက်တော်မြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပြင်ပကိုရောက်ရှိနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြင်ပမှ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်နိုင်ရေး မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ရုံးကြီးရပ်ကွက်၊ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်းမြေပေါ်ရှိ မြို့နယ်မီးသတ်ဌာနမှ ဝန်ထမ်းအိမ်ရာ အဆောက်အဦများအား ဖယ်ရှားပေးနိုင်ရေး ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) ကအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်၏ မဲဆန္ဒနယ်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ရုံးကြီးရပ်ကွက်၊ ဗိုလ်စောမောင်လမ်းမှာ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း ရှိပါတယ်။ ဒီနေရာက တိုင်းထွာ

ခြင်းများအရ လမ်းမတော်ရပ်၊ အကွက်အမှတ်(၃၁)၊ ဦးပိုင်အမှတ်(၁၇/ခ)၊ ဧရိယာ(၀.၃၂၇)ဧက ရှိကြောင်း သိရှိရပါတယ်။ ကျောင်းပိုင်မြေဧရိယာ (၀.၃၂၇)ဧကအနက် အလျား(၁၄၇)ပေ၊ အနံ(၁၀)ပေ၊ ဧရိယာ (၀.၀၃၁) ဧကရှိ ကျောင်းပိုင်မြေမှာ မြို့နယ်မီးသတ်ဦးစီးဌာနက သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၄၄ x ၂၂) ပေရှိတဲ့ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၄)လုံး ဝင်ရောက်ဆောက်လုပ်ထားကြောင်းနဲ့ ကျောင်းပိုင်မြေပြန်လည်ရရှိရေး အကြိမ်ကြိမ်ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ကြောင်း တင်ပြသိရှိရပါတယ်။ ကျောင်းပိုင်မြေဟာ ကျောင်းဆောင်နဲ့ကျောင်းသူ၊ ကျောင်းသားများအတွက် မရှိမဖြစ်လိုအပ်နေတဲ့မြေ ဖြစ်ပါတယ်။

ယခင်အစိုးရလက်ထက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးတော့ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားတဲ့ အခြေခံပညာအလယ်တန်းကျောင်းအမှတ်(၅) ကျောင်းပိုင်မြေကို ပညာရေးဌာနသို့ ပြန်လည်ပေးအပ်ရန်နဲ့ မီးသတ်ဦးစီးဌာနကလည်း ဝန်ထမ်းအိမ်ရာများလျှောက်ထားပြီး ဝန်ထမ်းများအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးရန် နှုတ်ဖြင့် ညွှန်ကြားခဲ့ကြောင်း သိရှိရပါတယ်။ သို့သော်လည်း ယခုအချိန်အထိ ဖယ်ရှားပေးခြင်း မရှိပါဘူး။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အ.လ.က(၅)အတွက် (၉၀x၃၀)ပေ၊ RC (၂)ထပ် ကျောင်းဆောင် ဆောက်လုပ်ခွင့်ကျလာလို့ ရှိတဲ့မြေပေါ်မှာပဲ ဖြစ်သလိုဆောက်လုပ်ခဲ့ရတဲ့အတွက် မီးသတ်ဝန်ထမ်း အိမ်ရာများနဲ့ စာသင်ဆောင်ဟာ ထိကပ်နေပြီးတော့ ကျောင်းတော်ရဲ့အခန်းအချို့မှာ ပြတင်းပေါက်များဖွင့်မရခြင်း၊ မီးသတ်ဝန်ထမ်းအိမ်ရာများမှ နေ့စဉ် ညှော်နံ့နံ့၍ ကျောင်းသား၊ ကျောင်းသူ၊ ကလေးသူငယ်များကျန်းမာရေးထိခိုက်ခြင်း၊ အနံ့မခံနိုင်၍ တံခါးများအားပိတ်ထားရတဲ့အတွက် လေဝင်လေထွက်မကောင်းခြင်း၊ အလင်းရောင်ကောင်းစွာမရခြင်း၊ ကျောင်းအပေါ်ထပ် ကျောင်းသူ၊ ကျောင်းသားများကလည်း ဝန်ထမ်းအိမ်ရာအမိုးများမှ အပူပျံ့မှုကြောင့်ပူလောင်မှုဒဏ်ခံစားရခြင်း စတဲ့ အခက်အခဲများရှိနေကြောင်း တင်ပြသိရှိရပါတယ်။

Power Point သုံးစွဲတင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကျောင်းဆောင်ကိုကျွန်တော်ကိုယ်တိုင် သွားရောက်စစ်ဆေးကြည့်ရှုတဲ့ပုံ ဖြစ်ပါတယ်။ ဒါကျောင်းဆောင်ရဲ့ အနေအထားပါ။ ဘယ်ဖက်အခြမ်းမှာရှိနေတဲ့ သစ်သားဆောင်ကတော့ မီးသတ်ဝန်ထမ်းအိမ်ရာ ဖြစ်ပါတယ်။ ညာဖက်အခြမ်းကတော့ ကျောင်းဆောင်ဖြစ်ပါတယ်။ အင်မတန်မှ နီးကပ်နေတဲ့အတွက် ကျောင်းဆောင်ရဲ့နံရံများနဲ့ ဝန်ထမ်းအိမ်ရာရဲ့ တံစက်မြိတ်တွေဟာ ထိကပ်လုနီးပါးရှိနေတာကို ဖော်ပြထားတာရှိပါတယ်ခင်ဗျား။ အနီနဲ့ ဝိုင်းပြထားတာက မီးသတ်အိမ်ရာနဲ့ ကျောင်းဆောင်ရဲ့ နယ်ခြားမှတ်တိုင် ကျောက်တိုင်ဖြစ်ပါတယ်။ ဒါကတော့ ယခင်အစိုးရလက်ထက် ဝန်ကြီးချုပ် ဦးသိန်းအောင် ကိုယ်တိုင်လာရောက်စစ်ဆေးကြည့်ရှုပြီးတော့ လမ်းညွှန်မိန့်ကြားသွားတဲ့ပုံဖြစ်ပါတယ်။

ဒီပုံကတော့ အနီဝိုင်းပြထားတဲ့နေရာဟာ မီးသတ်အဆောက်အဦများ ဝင်ရောက်ဆောက်ထားတဲ့ နေရာဖြစ်ပြီးတော့ အလျား(၁၄၇)ပေ၊ အနံ(၁၀)ပေရှိတဲ့ မြေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့

မီးသတ်ဦးစီးဌာနအနေနဲ့ အဆိုပါ ကျောင်းပိုင်မြေနေရာကို ပြန်လည်ပေးအပ်ခြင်းလည်းမရှိဘူး။ ဖယ်ရှားပေးခြင်းလည်းမရှိတဲ့အပြင် ပညာရေးဌာနမှာ အဆိုပါမြေကွက်ကို အခမဲ့ စွန့်လွှတ်လွှဲပြောင်းပေးဖို့ မြို့နယ်၊ ခရိုင်၊ တိုင်း အဆင့်အထိ ဦးတည်ကြိုးပမ်းလာနေတဲ့အတွက် အဆိုပါ အ.လ.က (၅)ကျောင်းပိုင်မြေ ပြန်လည်ရရှိရေးအတွက် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။


အ.လ.က(၅)၊ သပြေဆောင်နှင့် မီးသတ်ဝန်ထမ်းအိမ်ရာ နီးကပ်စွာ တည်ရှိနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးနေသည့် မြင်ကွင်းပုံ (က)



အ.လ.က(၅)ပိုင်၊ ကျောင်းခြံမြေနှင့် မြို့နယ်မီးသတ်ပိုင်မြေ(၂)ခု ပိုင်းခြားထားသော အမှတ်အသား ကျောက်တိုင် မြင်ကွင်းပုံ (က-၁)



မင်နီဖြင့် ဝိုင်းပြထားသောနေရာတွင် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားသည့် မြေဖြစ်ပြီး အ.လ.က(၅)ကျောင်းမြေအဖြစ် ပြန်လည်ရယူလိုသော မြေနေရာပြပုံ (က-၂)



**အချိန်၊ ၁၀:၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၅။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာ ဝင်းမြင့် ရဲ့ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကံသာယာကျေးရွာအုပ်စု၊ ကံသာယာ(တောင်စု) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်း အဆင့်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဦးစွာ ဖြေကြား တင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၁) ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၃) ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၂) ကျောင်း၊

အခြေခံပညာအထက်တန်းကျောင်း(၂)ကျောင်း၊ စုစုပေါင်းအခြေခံပညာကျောင်းပေါင်း(၁၁)ကျောင်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း တင်ပြပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့တင်ပြချက် အရ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကံသာယာကျေးရွာအုပ်စု၊ ကံသာယာ(တောင်စု)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို စိစစ်ရာမှာ ယခုလက်ရှိပညာသင်နှစ်မှာ အလယ်အဆင့် သင်ကျောင်းသား၊ ကျောင်းသူ အားလုံး(၁၄၄)ဦးပဲ ရှိပါတယ်။ ဒ့ါအပြင် အနီးဆုံး အလယ်တန်း အဆင့်သင်ကျောင်းဖြစ်တဲ့ သာယာကုန်းရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နဲ့ (၁)မိုင် ခရီး အတွင်းမှာသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

လောလောဆယ်မှာလည်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်ဖြစ်တဲ့အတွက် အလယ်တန်းပညာရပ်များကိုလည်း သင်ကြားသင်ယူဖို့အခွင့်အလမ်း ရရှိနေပြီဖြစ်ကြောင်း တင်ပြ ပါတယ်။ ဒါကြောင့်မို့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကံသာယာကျေးရွာအုပ်စု၊ ကံသာယာ (တောင်စု)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် ကျောင်းအဆင့်တိုးမြှင့်ရေးအတွက် ဒီနှစ်မှာတော့ ဦးစားပေးအစီအစဉ်တွင်မပါရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘွဲခိန်း ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ထန်တလန်မြို့ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြ ပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်၊ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၃)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၂)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၆)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (၃) ကျောင်း၊ စုစုပေါင်းအခြေခံပညာကျောင်းပေါင်း (၂၃)ကျောင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးပြီး ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဒီကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် အမှတ်(၁) အခြေခံ ပညာမူလတန်းလွန်ကျောင်းရဲ့ လက်ရှိပညာသင်နှစ်မှာ စုစုပေါင်းအလယ်ဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၁၂၇)ဦးပဲ ရှိပါတယ်။ ဒ့ါအပြင် အနီးဆုံးအလယ်တန်းဆင့်သင်ကျောင်းဖြစ်တဲ့ အမှတ်(၂)

အခြေခံပညာအထက်တန်းကျောင်းနဲ့ (၆)ဖာလုံ ခရီးအတွင်းမှာသာ ရှိပါတယ်။ ဒါကြောင့်မို့ တင်ပြပါ ကျောင်းဟာ ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်နဲ့ လိုအပ်မှုများရှိနေပါသဖြင့် ယခု ပညာသင်နှစ်မှာတော့ အဆင့်တိုးမြှင့်ခြင်းဆိုင်ရာ ဦးစားပေးအစီအစဉ်တွင် မပါရှိပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်ကျော်ဝင်း ရဲ့ မေးခွန်းဖြစ်သော မောင်တောမြို့နယ်၊ အောင် သာယာ (န.တ.လ) ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အား အခြေခံပညာမူလတန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် ဒုတိယမေးခွန်းဖြစ်တဲ့ မောရဝတီ အခြေခံပညာအလယ်တန်းကျောင်းတွင် (၉၀x၃၀)ပေ RC(၂)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ် ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဆက်လက်ဖြေကြားတင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်မှာ အခြေခံပညာ မူလတန်းကျောင်း(၆)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း(၃)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(၃)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၂)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(၁)ကျောင်း၊ စုစုပေါင်းအခြေခံ ပညာအဆင့်ကျောင်းပေါင်း(၁၅)ကျောင်း အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုနှစ်မှာ ကျွန်တော်တို့ စိစစ်တဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြပါကျောင်းတွေနဲ့ မူလတန်းအဆင့်သင် ကျောင်းသူ/ ကျောင်းသား (၅၅)ဦးရှိသော်လည်း ဒေသလိုအပ်ချက်အရ အဆင့်တိုးမြှင့်ပေးဖို့ လိုအပ် နေကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ကျောင်းအဆင့်တိုးမြှင့်သတ်မှတ်ခြင်းမှုများကို ဖြေလျှော့ဆောင်ရွက် ပေးပြီး လာမယ့် ၂၀၂၀-၂၀၂၁ မှာ ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ချိန်မှာ တိုးမြှင့်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ ဒီ ရခိုင်ပြည် နယ်၊ မောင်တောမြို့နယ်၊ မောရဝတီ အခြေခံပညာအလယ်တန်းကျောင်းမှာ RCC နှစ်ထပ်ကျောင်း ဆောက်လုပ်ရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော် ကြီးရဲ့ မဲဆန္ဒနယ်အတွင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ကိုဖျက်ပြီး ကျောင်းဆောင်သစ်ဆောက် လုပ်ရန်(၃)ကျောင်း၊ တိုးချဲ့အသစ်ဆောက်လုပ်ရန်(၈)ကျောင်း၊ ကျွန်တော်တို့ နယ်မြေခရီးစဉ် လမ်းညွှန်ချက်အရ(၁)ကျောင်း၊ စုစုပေါင်း(၁၂)ကျောင်းအသစ်ဆောက်ပေးပြီး ငွေကျပ် (၂၈၈၅.၈၂) သန်း ခွဲဝေဆောက်ထားပေးပြီး ဖြစ်ပါတယ်။

ဒီကျောင်းအနေနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက်ရော ဒေသနေပြည်သူများရဲ့ လိုအပ်ချက်အရလည်းကောင်း၊ ကျောင်းသူ၊ ကျောင်းသားများရဲ့ ပညာရေး မြင့်မားမှုအရလည်းကောင်း၊ ကိုယ်စားလှယ်တော်ကြီးက (၉၀x၃၀)ပေ နှစ်ထပ်ကျောင်းဆောင် တင်ပြသော်လည်း ကျွန်တော်တို့အနေနဲ့ (၁၀၀ x ၃၀)ပေ RCC နှစ်ထပ်(၁)ဆောင် ကျွန်တော်တို့ လာမယ့်ဘဏ္ဍာရေးနှစ်မှာလျာထား၍ ခွင့်ပြုချက်ရရှိရင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ရဲ့ မေးခွန်းဖြစ်သော ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ကျောက်တော်မြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ပြင်ပရောက်ရှိနေသည့် ကျောင်းသူ၊ ကျောင်းသားများအား ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ရရှိရေး ဆောင်ရွက်ပေးရန် နှင့် ပြင်ပမှ ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်နိုင်ရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလို ကြောင်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

အဲဒီတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှာ ဒီတက္ကသိုလ်ဝင်စာမေးပွဲကို ပြင်ပအလွတ်ဖြေအနေနဲ့ ဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသားပေါင်း(၂၁၂၃)ဦးသာ ခွင့်ပြုထားတာရှိပါတယ်။ ဒ့ါအပြင် ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ နောက်ထပ် အကြောင်းအမျိုးမျိုးကြောင့် ပြင်ပရောက်နေသူ(၅၄၈)ဦးသာ ဖြေဆိုမည် ဖြစ်ကြောင်းကိုလည်း သိရပါတယ်။ အဲဒါကို ကျွန်တော်တို့ မြန်မာနိုင်ငံစာစစ်ဌာနနဲ့ ညှိနှိုင်း ဆောင်ရွက်ခဲ့ရာ ၎င်းတို့ဟာ ဖြေဆိုခွင့်ရရှိအောင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း တင်ပြပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာ ပါ ပါတယ်။ ဒီဖြေဆိုခွင့်ရရှိတဲ့အတွက် ကျေးဇူးတင် ကြောင်းလည်း ဖော်ပြပါရှိပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ ဒီအခြေခံပညာအထက်တန်းအဆင့်ပြီးမြောက် ကြောင်းလက်မှတ်သည် ယခုနှစ်တွင် ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။ အရင်မည်သည့်ကာလကမှ တစ်ကြိမ်တစ်ခါမှ ထုတ်ပေးခဲ့ဖူးခြင်း မရှိပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ဒီသတ်မှတ်ချက်အရ အခြေခံ ပညာကျောင်းတွေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ၊ မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိက ကိုယ်ပိုင် ကျောင်းတွေမှာ မှတ်ပုံတင်ပြီး ကျောင်းတက်ရောက်တဲ့သူများကိုတော့ မည်သူမဆို အခြေခံပညာ အထက်ကျောင်းအဆင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ပေးပါမယ်။ ဒီသတ်မှတ်ချက်နဲ့ မကိုက် ညီသူများကိုတော့ ကျောက်တော်မြို့နယ်အပါအဝင် မည်သည့်တိုင်းဒေသကြီး/ပြည်နယ်မှ လက်မှတ် ပေးဖို့ အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော် ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထိန်ဝင်း ရဲ့ မေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ရုံးကြီးရပ်ကွက်၊ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်းမြေပေါ်ရှိ မြို့နယ်မီးသတ်ဌာနမှ ဝန်ထမ်းအိမ်ရာ အဆောက်အဦများအား ဖယ်ရှားပေးနိုင်ရေး ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ခုနက တင်ပြတဲ့အထဲမှာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီမြေကို အခမဲ့ စွန့်လွှတ်ပေးဖို့ ဒါ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့် ဆောင်ရွက်နေခြင်းလို့ တင်ပြရခြင်းဟာ မမှန်ပါဘူး။ ကျွန်တော်တို့အနေနဲ့လည်း စွန့်လွှတ်ဖို့ အစီအစဉ်မရှိပါဘူး။ စွန့်လွှတ်ခြင်းမရှိရအောင်၊ ဒီမြေလေး ပြန်ရအောင် ကိုယ်စားလှယ်ကြီးတို့ ဝိုင်းကူဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်းလည်း အစိုးရအဖွဲ့ကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်း တင်ပြပြန်ကြားပြီး ဖြစ်ပါတယ်။ ဒီဝန်ကြီးဌာနအနေနဲ့လည်း သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနနဲ့ ထပ်မံညှိနှိုင်းပြီး ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့မြေနေရာကို ပညာရေးဝန်ကြီးဌာနပိုင်မြေအဖြစ် ရရှိရေးဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရာမှာလည်း ကိုယ်စားလှယ်တော်ကြီးတို့မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးလိုက်ပါ။

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ဒုတိယဝန်ကြီးဖြေသွားတာကျေးဇူးတင်ပါတယ်။ ဒုတိယအပိုင်းကို ကျွန်တော် နည်းနည်းမေးချင်ပါတယ်။ ကျွန်တော်စံသတ်မှတ်ချက်(၇)ချက်နဲ့ ကျွန်တော်တို့ ကျောင်းတွင်းက လူကိုတော့ ပေးမယ်။ အဲဒါဆိုရင်အပြင်ကဖြေတဲ့သူကို ပြီးဆုံးကြောင်းလက်မှတ်မပေးတော့ဘူးဆိုတဲ့ ပုံစံမျိုးဖြစ်နေသလားလို့ အဲဒါကြောင့် ဆက်စပ်မေးခွန်း မေးတာပါ။ စံသတ်မှတ်ချက်(၇)ချက်ထဲမှာတော့ ကျောင်းခေါ်ချိန် ပြည့်မီရေးတို့ ဘာတို့ ပါ ပါတယ်။ ကျွန်တော်က အဲဒါလေးကို သိချင်လို့ မေးကြည့်တာပါ။ အဲဒါကြောင့်အပြင်က လူတွေကို မပေးတော့ဘူးဆိုတဲ့ ပုံစံမျိုးဖြေသွားတာကို ဝန်ကြီးကလည်း ဒီအချက်ကိုပြောပြပေးဖို့လိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေနိုင်ရင်ဖြေပါ။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ တင်ပြတဲ့အထဲမှာတော့ပါ ပါတယ်။ ဒီအခြေခံပညာအထက်တန်းကျောင်း ပြီးဆုံးတဲ့ အောင်လက်မှတ်သည် ယခုနှစ်မှ

စပေးတာဖြစ်ပါတယ်။ အရင် ပညာသင်နှစ်တွေက တစ်ကြိမ်တစ်ခါမှ ပေးအပ်ခဲ့ခြင်းမရှိပါဘူး။ အမှန်အားဖြင့် ပြောရရင် ကျွန်တော်တို့ သင်ရိုးသစ်ပြောင်းတဲ့ Kg+12 ဆောင်ရွက်မှုသည် ၂၀၂၂ ခုနှစ်မှာ ပြီးမယ်။ မူလကတော့ ဒီအခြေခံပညာသင်ကြားရေး အပြောင်းအလဲအဖြစ် ၂၀၂၂ ခုနှစ်မှ ပေးဖို့ပါ။ သို့သော် လူငယ် လူရွယ်တွေ အကျိုးကျေးဇူး စောစီးစွာ ခံစားခွင့်ရှိရန်အတွက် ဒီနှစ်က စပေးခြင်း ဖြစ်ပါတယ်။ ပေးတဲ့အခါမှာလည်း ကိုယ်စားလှယ်တော်ကြီး ခုနက အမိန့်ရှိတဲ့အတိုင်းပါ၊ ကျွန်တော်တို့ ရည်ရွယ်ချက်(၇)ချက်နဲ့ ဆောင်ရွက်တာရှိပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီး အမိန့်ရှိသကဲ့သို့ အပြင်ဖြေသူကို မပေးဘူးလို့ ကျွန်တော်တို့ မဆိုလိုပါဘူး။ ဒီနှစ်ကစပြီး ပေးပါတယ်။ တကယ်လို့ ဖြေသူမှန်သမျှပေးမယ်ဆိုရင်လည်း ပြီးခဲ့တဲ့ (၁)နှစ်၊ ပြီးခဲ့တဲ့ (၂)နှစ်၊ ပြီးခဲ့တဲ့ (၃)နှစ်၊ ပြီးခဲ့တဲ့ (၄)နှစ်၊ ပြီးခဲ့တဲ့ကာလများစွာအတွက်ပါ လိုက်လံဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒါ လွယ်ကူခြင်းလည်း မရှိပါဘူး။ ရှုပ်ထွေးခြင်းသဘောလည်း ရှိပါတယ်။ သတ်မှတ်ထားတဲ့ မူနဲ့ မကိုက်တဲ့အတွက် တင်ပြရခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၈။**

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်ကျိန်ငိုက်မန် မှ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း**
**အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉ - ၆၆၂

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ ၃၀ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို ၁၃ - ၁၂ -၂၀၁၉ ရက်နေ့တွင် အမျိုးသား လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်တဲ့ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့က ၁၉-၁၂-၂၀၁၉ ရက်နေ့တွင် အကြံပြုဆွေးနွေး ခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေး နှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး တို့မှတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ၁၉ - ၁၂ - ၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ညှိနှိုင်းဆွေးနွေးရာတွင် အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့ လွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၊ ပုဒ်မ ၅ တွင်ဖော်ပြထားသော နာယကအဖွဲ့ကို ဖွဲ့စည်းရမည် ဆိုသည့်စကားရပ်ကို သုံးဦးထက်မပိုသော နာယကအဖွဲ့ကို ဖွဲ့စည်း ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၂၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ) တွင် ဖော်ပြထားသော ဆရာဝန်တစ်ဦး ဆိုသည့်စကားရပ်ကို ဆရာဝန်တစ်ဦးဦး ဆိုသည့်စကားရပ်ဖြင့် အသီးသီးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာကော်မတီများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံပြင်ဆင်ထားသည့် ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအားအတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၂။**

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်းကော်မတီကိုယ်စား ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစိုးမိုး ကနေပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၊ အပိုဒ် ၃(က)ခြေဆင်း၊ အပိုဒ် ၄၊ အပိုဒ် ၁၃ တွင် ဖော်ပြထားသော ပုဒ်မ ၃၀(က)(၃)၊ အပိုဒ် ၁၃ တွင် ဖော်ပြထားသော ပုဒ်မ ၃၀(ခ) ပြင်ဆင်ချက်တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၄၂။**

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၃(က) ခြေဆင်း၊ အပိုဒ် ၄၊ အပိုဒ် ၁၃ တွင်ဖော်ပြထားသော ပုဒ်မ ၃၀(က)(၃)၊ အပိုဒ် ၁၃ တွင် ဖော်ပြထားသော ပုဒ်မ ၃၀(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုထားသည့် အပိုဒ် ၃ ခြေဆင်းနှင့် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၂(ခ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိပြီး အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ယခု ပြင်ဆင်ချက်များဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) က ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀:၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၆။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်သို့ တက်ရောက်လျက်ရှိသော ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ယခု ကျွန်တော် တင်သွင်းမယ့် ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း ဒီ Bar Council and Legal Practioners Act တစ်ရပ်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတိုင်း အဆိုပါ ဥပဒေမူကြမ်းမှာ

အခန်းပေါင်း (၁၇)ခန်းကို ကဏ္ဍများအလိုက် ဖော်ပြထားပြီး ပုဒ်မပေါင်း (၇၈)ခု ပါဝင်ပါတယ်။ ဒီဥပဒေကြမ်းကို မြန်မာနိုင်ငံ လွတ်လပ်သော ရှေ့နေများအသင်း Independent Law Association of Myanmar ကိုယ်စား ကျွန်တော်က Private Bill အနေဖြင့် တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီ Independence Law Association of Myanmar (ILAM) မှာ ရှေ့နေအဖွဲ့ဝင်ပေါင်း (၅၀၀၀) ကျော်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ မှတ်ပုံတင်လက်မှတ် အမှတ် ၁/ပြည်တွင်း/၀၂၄၀ ဖြင့် ၂၈-၁၁-၂၀၁၆ ရက်နေ့က မှတ်ပုံတင်ခွင့်ရထားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေရေးရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကို တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံတွင် အသစ်ပြဋ္ဌာန်းထားတဲ့ ဥပဒေများ ရေးဦးစွာ ရှိခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေသစ်၊ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံ အင်ဂျင်နီယာများကောင်စီ ဥပဒေသစ်၊ ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံဆေးကောင်စီဥပဒေသစ်နှင့် မြန်မာနိုင်ငံ သူနာပြုသားဖွား ကောင်စီဥပဒေသစ်နှင့် ၂၀၁၉ ခုနှစ်မှာ တိုင်းရင်းဆေးကောင်စီဥပဒေသစ်တို့ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယနေ့ တည်ရှိနေတဲ့ ရှေ့နေများကောင်စီ ဒီ Bar Council Act ဥပဒေအဟောင်းကို ဖျက်သိမ်းပြီး ဒီ Bar Council Act and Legal Practioners Act ဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ဖို့ လိုအပ်လာပါတယ်။ ယနေ့ရှေ့နေထုတစ်ရပ်လုံးရဲ့ အရေးကြီးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄)ခု တို့ဖြင့် ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ယနေ့ တရား စီရင်ရေးနှင့် ပတ်သက်လို့ တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄)ခုမှာ High Court တရားလွှတ်တော် အဆင့်ရှိ တရားလွှတ်တော်များဖြင့် တရားစီရင်စေတာကြောင့် တိုင်းနှင့်ပြည်နယ်အဆင့် Bar Council ဖွဲ့စည်းပေးရန် လိုအပ်နေသလို ပြည်ထောင်စုအဆင့်ရှိ Bar Council ကိုလည်း အသစ်ဖွဲ့စည်းရန် အခြေအနေ ပေါ်ပေါက်လျက်ရှိလာပါတယ်။ ယနေ့ ကျင့်သုံးနေတဲ့ Bar Council Act ဟာ ၁၉၂၉ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်သလို ဒီ Legal Practioners Act ကလည်း ၁၈၇၉ ခုနှစ် မှာ အင်္ဂလိပ်ပြဋ္ဌာန်းခဲ့တဲ့ဥပဒေကို လိုက်နာဆောင်ရွက်ရတဲ့အခါမှာ ယင်းဥပဒေကို ပြင်ဆင်ဖြည့်စွက် ချက်ဖြင့် ပြဋ္ဌာန်းအသုံးပြုလျက်ရှိသော်လည်း ယနေ့အချိန်အခါနှင့် မကိုက်ညီတော့တာကြောင့် အသစ်ပြန်လည်ရေးဆွဲရန် လိုအပ်လျက်ရှိလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဥပဒေကြမ်းကို တင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ (က)နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုရေးအတွက် အရည်အချင်း ပြည့်ဝတဲ့ ရှေ့နေများတိုးပွားလာစေရန်၊ (ခ)ရှေ့နေပညာ နိုင်ငံတကာခေတ်မီတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ (ဂ)ရှေ့နေလိုက်သူများ ဥပဒေပညာရပ်ဆိုင်ရာ အရည်အသွေးပြည့်ဝပြီး ရှေ့နေ

ကျင့်ဝတ်သိက္ခာနှင့် ဂုဏ်သိက္ခာမြင့်မားရေးအတွက် ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ (ဃ)အမှုသည်များကို ဥပဒေနှင့်အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို အပြည့်အဝ ရရှိစေရန်နှင့် အကာအကွယ်ပေးရေးတို့အတွက် မွန်မြတ်တဲ့ ရှေ့နေပညာဖြင့် အကျိုးဆောင်ပေးနိုင်ရန်၊ (င)ရှေ့နေလိုက်သူများ ရထိုက်တဲ့အခွင့်အရေးများကို အပြည့်အဝရရှိစေရန်နှင့် အကာအကွယ်ပေးရန်တို့ဖြစ်သည့်အတွက်ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းအဆိုကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀:၅၁။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း တင်သွင်းတဲ့ ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း အဆိုတစ်ရပ်ကို တင်သွင်းခဲ့ရာမှာ ယင်းဥပဒေကြမ်းတွင် အခန်းပေါင်း(၁၇)ခန်း ရဲ့ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိရပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်တရားရုံးဆိုက်ရာ မြို့နယ်အသီးသီးတို့မှာ ရှေ့နေအဖွဲ့အစည်း အသီးသီးလည်း တစ်ကွဲတစ်ပြားစီ တည်ရှိနေကြရာမှာ တစ်စုတစ်ပေါင်းတည်း ဥပဒေသစ်တစ်ရပ်ဖြစ်တဲ့ Umbrella Law ဥပဒေထီးရိပ်အောက်မှာ လုံခြုံပြီးကောင်းမွန်စွာ အမှုလိုက်ပါ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုနိုင်ရေးအတွက် အရည်အချင်းပြည့်ဝပြီး ရှေ့နေကျင့်ဝတ်သိက္ခာနှင့် ဂုဏ်သိက္ခာမြင့်မားရေးအတွက် ထိန်းသိမ်းမြှင့်တင်နိုင်စေရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြုစုထားတဲ့ ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးအောင်သိန်း တင်သွင်းသည့် ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၀:၅၄ နာရီအချိန်တွင် ရပ်နားပါသည်။]